# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 23 , 2022 Volume 52, Number 15


**၂၃.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ |
| ဒေါ်လာဈေး | = ၂၀၅၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၉.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၅၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၈.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၁.၀၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ


https://www.agri.com.mm/16387-2/


https://www.agri.com.mm/16387-2/

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ်လ(၂၂)ရက်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာပွင့်ဆန်း ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံ ဧက(၁.၅) သန်း တိုးချဲ့စိုက်ပျိုးနိုင်ရန် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပြည်ပမှ တင်သွင်းရန်နှင့် ပြည်တွင်း၌ ပွားများထုတ်လုပ်ရန်ကိစ္စရပ်များ၊ ခေတ်မီအဆင့်မြင့် ဆီစက်များ ဖွံ့ဖြိုးလာရေးဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများကိုလည်းကောင်း၊ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ရန်ပုံငွေရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ဆီစက်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး ၊ ပုဂ္ဂလိကဆီစက်ပိုင်ရှင်များနှင့် တောင်သူများအကြား အကျိုးတူကန်ထရိုက်လယ်ယာစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ မျိုးစေ့ထုတ်တောင်သူများအား လှည့်ပတ်ရန်ပုံငွေစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ထူထောင်ရေး ၊ ဆောင်းရာသီ နေကြာသီးနှံစိုက်ပျိုးမှုတွင် ဆိုလာစနစ်ဖြင့် ရေရရှိရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်ရေးလုပ်ငန်းများကို စွမ်းအားကောင်းစေရေးအတွက် ပြည်ပမှ တင်သွင်းသော နေကြာဆီ၊ စားအုန်းဆီ ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီ၊ ပြောင်းဆီ၊ ကနိုလာဆီ၊ ဆူးပန်းဆီတို့နှင့်ယှဉ်ပြိုင်နိုင်ရေး၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုလုပ်ငန်းများအား လိုအပ်သော ကူညီပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး

ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြသည်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက်နှင့် စက်မှုကုန်ကြမ်းသုံးစွဲရန် စားအုံးဆီကို ပြည်ပမှ နှစ်စဉ်နိုင်ငံခြားသုံးငွေ ဒေါ်လာသန်း (၈၀၀)ကျော်ခန့် ဝယ်ယူတင်သွင်းရလျက်ရှိရာ နိုင်ငံတကာစားအုန်းဆီ ဈေးနှုန်းများမြင့်တက်ခဲ့သဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးနှင့် နိုင်ငံခြားသုံးငွေ ချိုးခြံချွေတာနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ ပူးပေါင်းပါဝင်သော စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း၊ ကော်မတီအနေဖြင့် ဆီထွက်သီးနှံများအနက် တစ်ဧကချင်း၏ ဆီထွက်နှုန်းအများဆုံးဖြစ်သော နေကြာ သီးနှံကို ၂၀၂၂-၂၀၂၃ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဧက(၁.၅)သန်း အောင်မြင်စွာတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှုများအတွက် ဆွေးနွေးညှိနှိုင်းရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.agri.com.mm/16387-2/

## ပြည်ပမှ စားအုန်းဆီများတင်သွင်း၍ မြန်မာနိုင်ငံအတွင်းရှိ ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများ၏ အရည်အသွေး၊ ဈေးနှုန်းကိစ္စရပ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



Source: ရတနာပုံသတင်းစာ

ပြည်ပမှ စားအုန်းဆီများကိုတင်သွင်း၍ မြန်မာနိုင်ငံအတွင်းရှိ ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများ၏ အရည်အသွေးဈေးနှုန်းကိစ္စများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ (၂၂.၃.၂၀၂၂) မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်သည့်စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရေး ဆီစက်လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆီထွက်သီးနှံကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို မူဝါဒအရလျှော့ချပြီး အကန့်အသတ်ဖြင့် တင်သွင်းခြင်းအစီအစဉ်ကို ယခု Mini Badget မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

အလားသူ စားသုံးဆီတင်သွင်းသူများလည်းနစ်နာမှုမရှိစေရေး၊ စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်မှုမရှိစေရေး တို့အတွက် ဗဟိုဘဏ်က ရောင်းချပေးသော ဒေါ်လာဈေးဖြင့် သက်သာသောဈေးနှုန်းတွက်ချက်၍ စီစဉ်ဆောင်ရွက်ပေးခဲ့ သည်မှာ ငါးလရှိပြီဖြစ်ပါကြောင်း၊ တင်သွင်းဖြန့်ဖြူးသူများအနေဖြင့် အရောင်းအဝယ်သဘောအရ အမြတ်ရရှိရေးကိုသာ အဓိက မဟုတ်ဘဲ စားသုံးသူပြည်သူများအနေဖြင့် အဆင်ပြေမှုရှိစေရန်အတွက် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်တွင်းစားသုံးဆီဈေးနှုန်း တည်ငြိမ်စေရေးနှင့် သင့်တင့်မျှတသည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းကြပ် မတ်ဆောင်ရွက်လျက် ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ရန်နောင်စိုးက ပြည်တွင်း၌ စားသုံးဆီလက်ကျန် ကျန်ရှိမှု၊ ပြည်ပမှ စားအုန်းဆီသင်္ဘောများ ထပ်မံရောက်ရှိမည့် အခြေအနေနှင့် ပြည်တွင်းစားသုံးမှုဖူလုံရန် စီမံဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် များနှင့် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများက မတ်လအတွင်း စားသုံးဆီတင်သွင်းရောက်ရှိမည့် အခြေအနေများနှင့် ဈေးကွက် လိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်သွားမည့်အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ စားသုံးဆီတင်သွင်းသိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် စားသုံးဆီတင်သွင်းသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

Source: ရတနာပုံသတင်းစာ

## မကွေးတိုင်းဒေသကြီး၏ မတ်လတတိယပတ် ပဲမျိုးစုံဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီးတွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ရာ စားတော်ပဲဈေး၊ ပဲကြီးဈေး၊ ထောပြူ (ကျွန်း)ဈေးတို့မှာ အနည်းငယ်တက်လာသော်လည်း ကျန်ပဲတို့မှာ ဈေးနှုန်းအပြောင်းအလဲသိပ်မရှိဘဲ ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ စားတော်ပဲသီးနှံအနေဖြင့် ပြည်တွင်းသုံးစွဲမှုများပြီး ဝယ်လိုအားများတဲ့အတွက် ဈေးအနည်းငယ်တက်လာကာ ပဲကြီးဈေးကတော့ ပဲကြော်ဖိုများ၊ လှောင်လက်များမှ ဝယ်ယူမှုရှိတဲ့အတွက် ဈေးတက်လာရကြောင်းနှင့်ထောပြူ(ကျွန်း)ဈေးကတော့ အရည်အသွေးနှင့်ဝယ်လိုအားကြောင့် ဈေးအနည်းငယ်တက်လာရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

စားတော်ပဲဈေးကတော့ ယခင်တစ်ပတ်တွင် (၁)တင်းလျှင် (၈၈၀၀၀ိ-၉၀၀၀၀ိ/-)ဈေးရှိခဲ့သော်လည်း ယခုတစ်ပတ် (၁)တင်းလျှင် (၉၀၀၀၀ိ-၉၅၀၀၀ိ/-)ဈေးအထိရှိခဲ့ကာ ပဲကြီးဈေးကတော့ ယခင်တစ်ပတ်(၁)တင်းလျှင်(၆၀၀၀၀ိ-) ဈေးရှိခဲ့သော်လည်း ယခုတစ်ပတ်(၁)တင်းလျှင် (၆၁၀၀၀ိ/-)ရှိခဲ့အတွက် အနည်းငယ်ဈေးတက်ခဲ့ပြီး ထောပြူ(ကျွန်း) ဈေးအနေဖြင့် ယခင်တစ်ပတ်(၁)တင်းလျှင် (၄၆၀၀၀ိ/-)ဈေးဖြစ်ခဲ့ပြီး ယခုတစ်ပတ်(၁)တင်းလျှင် (၄၆၉၀၀ိ/-) ဈေးဖြစ်ခဲ့တဲ့အတွက် ဈေးအနည်းငယ်သာတက်ခဲ့ပါတယ်။

အခြားပဲများအနေဖြင့် အရည်အသွေးနှင့်ဝယ်လိုအားအပေါ်မူတည်၍ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပြီး ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေတယ်လို့ ကုန်စည်ဒိုင်သတင်းများအရ သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ယခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ ရော်ဘာတန်ချိန် ၉၉၃၀ ခန့်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၆၃ သန်းခန့်ရရှိထား



Source: ရတနာပုံသတင်းစာ

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ရော်ဘာတန်ချိန် ၉၉၃၀ ခန့်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၆၃ သန်းခန့်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုဝါဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးနန္ဒထံမှသိရသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အရှေ့တောင်အာရှနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၂၀ ကျော်၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အိမ်နီးချင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၀၇၀ ကျော်၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အိမ်နီးချင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၆၆၀ ခန့်နှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တောင်အာရှနိုင်ငံသို့ ရော်ဘာတန်ချိန် ၈၀ ကျော် စုစုပေါင်းတန်ချိန် ၉၉၃၀ ခန့် တင်ပို့ခဲ့ကြောင်းသိရသည်။

“၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်ကနေ ဖေဖော်ဝါရီ ၄ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပကို ရော်ဘာတန်ချိန် ၉၉၃၀ လောက်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၆၃ သန်းလောက် ရရှိထားပါတယ်” ဟု ဦးနန္ဒကပြောပြသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်ထိ ပင်လယ်ရေကြောင်းမှ ရော်ဘာတန်ချိန် ၈၇၂၀ ကျော်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၄၈ သန်း တန်ဖိုးရှိကာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်းသိရသည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်

ရှိကြောင်းသိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း ၂၀၀၀၀၀ ခန့်ထွက်ရှိပြီး၊ ပြည်ပသို့ ၉၀ ရာခိုင်နှုန်းကျော်ကို တင်ပို့နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌အသုံးပြုလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိပြီး တစ်ဧကတွင် ပျမ်းမျှ ဆီသီးခိုင်အထွက်နှုန်း ၂ ဒသမ ၈ တန်ရှိကြောင်းသိရ



https://news-eleven.com/article/227893

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧက လေးသိန်းကျော်ရှိပြီး တစ်ဧကတွင် ပျမ်းမျှဆီသီးခိုင်အထွက်နှုန်း ၂ ဒသမ ၈ တန်ရှိကြောင်းသိရသည်။ တနင်္သာရီတိုင်းဒေသကြီးမှာ ဆီအုန်းစိုက်ပျိုးအောင်မြင်သည့် ရေမြေရာသီဥတုရှိပြီး ပြည်တွင်း/ပြည်ပကုမ္ပဏီ အများအပြားက ဆီအုန်းစိုက်ပျိုးမှုအတွက် လာရောက်ရင်းနှီးမြှုပ်နှံထားကြကြောင်းသိရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်မှစတင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးမှုစတင်ခဲ့ပြီး ယခုအခါတိုင်းတစ်ခုလုံးတွင် ဧကလေးသိန်းကျော် စိုက်ပျိုးထားကြောင်းသိရသည်။ "တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးမှာ ဆီအုန်းစိုက်ပျိုးထားမှုက ၄၀၄၆၃၀ ဧက ရှိပါတယ်။ မြိတ်ခရိုင်အနေနဲ့ဆိုရင် ၆၈၉၆၀ ဧကရှိပါတယ်။ အသီးခူးတဲ့ဧရိယာ ရိတ်သိမ်းဧရိယာအနေနဲ့ဆိုရင် တနင်္သာရီတစ်တိုင်းလုံးအနေနဲ့ဆိုရင် ၁၇၂၃၃၃ ဧကရှိပါတယ်။ မြိတ်ခရိုင်အနေနဲ့ဆိုရင် ၂၃၇၀၀ ဧကရှိပါတယ်။ အထွက်နှုန်းအနေနဲ့ပြောရမယ်ဆိုရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကဆိုရင် တစ်ဧကကို ပျမ်းမျှ ၂ ဒသမ ၈ တန်ခန့်ထွက်ရှိတယ်" ဟု စိုက်ပျိုးရေးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က ပြောကြားသည်။

လက်ရှိအနေအထားတွင် ဆီအုန်းစိုက်ပျိုးနေသည့်ကုမ္ပဏီ အများအပြားရှိနေပြီး ခြံရှင်များလည်း ဆီအုန်းစိုက်ပျိုးမှုရှိလာနေရာ လာမည့်နှစ်များအတွင်း ဆီအုန်းစိုက်ပျိုးမှုအား ဧကထောင်ချီ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် လျာထားချက်ရှိကြောင်းသိရသည်။ "မြိတ်ခရိုင်အနေနဲ့ ဆီအုန်းစိုက်ပျိုးမှုကို နောက်လာမယ့်ငါးနှစ်အတွင်းမှာ ဧက ၅၀၀၀ ခန့် တိုးချဲ့စိုက်ပျိုးဖို့ လျာထားချက်များရှိပါတယ်။ မြိတ်ခရိုင်မှာ ဆီအုန်းစိုက်ပျိုးတဲ့ ကုမ္ပဏီပေါင်း ၂၁ ခုရှိပါတယ်။ ပုဂ္ဂလိကခြံရှင်တွေအနေနဲ့ ၃၉ ဦးရှိပါတယ်" ဟု စိုက်ပျိုးရေးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က ဆက်လက်ပြောကြားသည်။

ဆီအုန်းစိုက်ပျိုးမှုတွင် စတင်စိုက်ပျိုးသည့်အချိန်မှ ငါးနှစ်ကြာသည့်အခါ စီးပွားဖြစ်ထုတ်လုပ်နိုင်ပြီး နောက်ထပ်သုံးနှစ်ကြာသည့်အခါ ရင်းနှီးထားသည့်ငွေများပြန်လည် အရင်းကျေကြောင်း၊ ဆီအုန်းပင်သက်တမ်း နှစ် ၂၀ ကြာသည်အထိ ဆီသီးခိုင်များထုတ်လုပ်နိုင်ကြောင်းသိရသည်။ ဆီအုန်းစိုက်ပျိုးမှုကို ပုဂ္ဂလိကခြံရှင်များကလည်း စိတ်ဝင်စားလာသည့်အတွက် စိုက်ပျိုးရေးဌာနအနေဖြင့် ပြည်တွင်းဆီအုန်းစပ်မျိုးများ ထုတ်လုပ်ပေးခြင်း၊ ဆီအုန်းစိုက်ပျိုးခြင်းဆိုင်ရာနည်းပညာများအတွက် သင်တန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/227893

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ မြန်မာနိုင်ငံမှအထည်ချုပ်တင်ပို့မှု ယခင်ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၁၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့ မြန်မာနိုင်ငံမှ အထည်ချုပ်တင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၁၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပြည်ပသို့အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၁၀၅၅ သန်းကျော်ရရှိခဲ့သည်။ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်းက အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၈၈၉ ဒသမ ၇ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါးရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကိုလေ့လာကြည့်ပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊ အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။

အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိ တင်ပို့ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့အထည်ချုပ်(ချုပ်ပြီးအထည်) တင်ပို့မှုကိုလေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်၌ အထည်ချုပ်တင်ပို့မှုတွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးခန့်အထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းစသည်တို့အနက် CMP စနစ်ဖြင့် အထည်ချုပ်တင်ပို့မှုမှာ ပြည်ပတင်ပို့မှုအများဆုံးဖြစ်ပြီး ငါးနှစ်အတွင်း လေးဆကျော်တိုးမြင့်တင်ပို့ထားသည်။ အထည်ချုပ် (ချုပ်ပြီးအထည်)သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၈ ရက်အထိ ပြည်ပသို့ အထည်ချုပ်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၁၉၃ ဘီလျံရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခင်နှစ်ကာလတူတွင် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၂ ဒသမ ၇၁၈ ဘီလျံအထိရရှိထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှစ်လခန့်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဝင်ငွေရရှိမှု ဒေါ်လာ ၅၂၄ ဒသမ ၄၃၃ သန်းလျော့ကျခဲ့ ပြီး ရာခိုင်နှုန်းအားဖြင့် ရာခိုင်နှုန်း ၂၀ ကျော် လျော့ကျခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ်လုပ်ငန်းကို ပြည်ပမှကုန်ကြမ်းသွင်းကာ ပြည်တွင်း၌ပြန်လည်ချုပ်လုပ်သည့် CMP လက်ခစား စနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ယင်းကဲ့သို့ လက်ခစားစနစ်ဖြင့် မြန်မာနိုင်ငံသို့ အော်ဒါမှာယူနေသာ အများဆုံး ၁၀ နိုင်ငံစာရင်းတွင် အီးယူ(ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ)၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်၊ တရုတ် စသည်တို့ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကို လေ့လာကြည့်ပါက၂၀၁၀ ခုနှစ်တွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာ တစ်ဘီလျံနီးပါးအထိ ရောက်ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၅ ခုနှစ်တွင် အထည်ချုပ်(ချုပ်ပြီးအထည်)တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

**Source:** https://news-eleven.com/article/227890

## စီးပွားရေးသံမှူးသတင်းများ

### စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၂၁ ရာခိုင်နှုန်း တိုးတက်မှုဖြစ်ပေါ်ခဲ့ခြင်း

စင်ကာပူနိုင်ငံ၏ ကုန်စည်ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် ၂၂.၃ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် ၁၉.၆ ရာခိုင်နှုန်း အသီးသီးတိုးတက်မှုရရှိခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ Enterprise Singapore မှ ၁၇-၃-၂၀၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

စင်ကာပူသည် ဖေဖော်ဝါရီလအတွင်း ပို့ကုန်ပမာဏ စင်ကာပူဒေါ်လာ ၅၂.၀၉ ဘီလီယံနှင့်သွင်းကုန်ပမာဏ စင်ကာပူဒေါ်လာ ၄၅.၀၂ ဘီလီယံ ကုန်သွယ်မှုပြုလုပ်ခဲ့သည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ စင်ကာပူဒေါ်လာ ၉၇.၁၁ ဘီလီယံ

ရရှိခဲ့ခြင်းဖြစ်ကာ ကုန်သွယ်မှုပိုငွေ စင်ကာပူ ဒေါ်လာ ၇.၀၇ ဘီလီယံပေါ်ပေါက်ခဲ့ပါသည်။

စင်ကာပူနိုင်ငံသည် စက်သုံးဆီမဟုတ်သောပြည်တွင်းထုတ်ပို့ကုန် (Non–Oil Domestic Exports) များကို ဖေဖော်ဝါရီလတွင် စင်ကာပူဒေါ်လာ ၁၅.၄၅ ဘီလီယံတင်ပို့ခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၉.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ စက်သုံးဆီ မဟုတ်သောပြည်တွင်းထုတ်ပို့ကုန်များကို အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်နှင့် အီလက်ထရွန်နစ် ပစ္စည်းမဟုတ်သောပို့ကုန်ဟူ၍ နှစ်မျိုးခွဲခြားဖော်ပြထားရာ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်များမှာ ၁၁.၆ ရာခိုင်နှုန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များမှာ ၈.၈ ရာခိုင်နှုန်းဖြင့် နှစ်မျိုးလုံးတိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ အီလက်ထရွန်နစ်ပစ္စည်းပို့ကုန်များအနက် Capacitors (၂၄၇.၆ %)၊ Disk Media (၃၉.၈%) နှင့် အိုင်စီ – ICs (၂၁.၆ %) ပစ္စည်းတို့ကိုလည်းကောင်း၊ အီလက်ထရွန်နစ်ပစ္စည်းမဟုတ်သောပို့ကုန်များအနက် ဆေးဝါးပစ္စည်း၊ သဘော်နှင့်လေ့ကိုယ်ထည် အစိတ်အပိုင်းများ (၃၉.၅ %)၊ ရေနံဓါတုပစ္စည်း (၁၉.၄%) တို့ကိုလည်းကောင်း တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။ အဆိုပါ စက်သုံးဆီမဟုတ်သော ပြည်တွင်းထုတ်ပို့ကုန်များကို တောင်ကိုရီးယား၊ ဟောင်ကောင်၊ အမေရိကန်၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှလွဲ၍ စင်ကာပူ၏ အခြားအဓိက ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့မှုမြင့်တက်ခဲ့ပြီး၊ အဓိကအားဖြင့် အီးယူ ၂၇ နိုင်ငံ (၅၃.၇ %)၊ မလေးရှား (၂၉.၈%) နှင့် တရုတ် (၁၉.၂%) နိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါကုန်ပစ္စည်းများအား CLMV နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့တင်ပို့မှုသည် ၂၉.၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ စက်သုံးဆီတင်ပို့မှုပမာဏသည် ဖေဖော်ဝါရီလတွင် ၆၂.၁ ရာခိုင်နှုန်း တိုးတက်မှုဖြစ်ပေါ်ခဲ့ပြီး၊ အထူးသဖြင့် အီးယူ ၂၇ နိုင်ငံ (၁၂၉.၉ %)၊ ဩစတြေးလျ (၁၂၉.၄ %)နှင့် အင်ဒိုနီးရှား (၇၆.၈ %) နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။ စင်ကာပူ၏ ပြန်လည်တင်ပို့မှု (Re–exports) ပမာဏမှာလည်း စင်ကာပူဒေါ်လာ ၂၇.၈၈ ဘီလီယံရရှိခဲ့သည့်အတွက် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၂၀.၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် စက်သုံးဆီမဟုတ်သော ကုန်ပစ္စည်းများကိုပြန်လည်တင်ပို့မှု (Non–Oil Re–exports) မှာ ၁၉.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

Source: Enterprise Singapore, Department of Statistics, Ministry of Trade & Industry, Singapore

မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့

## မတ်လအတွင်း ဘရာဇီးလ်နိုင်ငံမှ ပြောင်းနှင့်ပဲပုတ်စေ့တင်ပို့နိုင်ရန် မျှော်မှန်းထားသည့်အခြေအနေများ ကမ္ဘာ့ဈေးကွက်တွင် ပြောင်းစေ့ဝယ်လိုအား သိသိသာသာမြင့်တက်နိုင်



ကမ္ဘာ့ပြောင်းဈေးကွက်သို့ ပြောင်းအမြောက်အများ တင်ပို့နေသည့် ယူကရိန်းနိုင်ငံသည် လတ်တလောအခြေအနေတွင် စစ်ပွဲများဖြစ်ပွားနေမှုကြောင့် သီးနှံများကောင်းစွာစိုက်ပျိုး ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဘရာဇီးလ်ပြောင်းများ၏ ဝယ်လိုအားများ ပိုမိုမြင့်တက်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ လက်ရှိအချိန်တွင် ရုရှနှင့်ယူကရိန်းနိုင်ငံတို့သည် ၎င်းတို့၏ပို့ကုန်များအား ကမ္ဘာ့ဈေးကွက်သို့ အကန့်အသတ်ဖြင့်သာ တင်ပို့လျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဈေးကွက်သို့လယ်ယာထွက်ကုန်တင်ပို့မှုတွင် ဘရာဇီးနိုင်ငံသည် တတိယမြောက် အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့သည် ကမ္ဘာ့အများဆုံးတင်ပို့သည့် ၅ နိုင်ငံစာရင်းတွင်ပါဝင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာန (U.S. Department of Agriculture–USDA)၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ ရုရှား–ယူကရိန်းပဋိပက္ခကြောင့် ပြည်တွင်းတွင် စားနပ်ရိက္ခာများပြတ်လပ်မှုမရှိစေရေးအတွက် နှံစားသီးနှံများ အပါအဝင် လယ်ယာထွက်ကုန်များအား ဘရာဇီးလ်နိုင်ငံမှဝယ်ယူတင်သွင်းနိုင်ရန် အရှေ့ဥရောပနိုင်ငံများက ပိုမိုဆက်သွယ်လာကြကြောင်း လယ်ယာကဏ္ဍစီးပွားရေးသတင်းများအား ထုတ်လွှင့်နေသည့် Rural Channel သတင်းဌာနမှ လေ့လာသုံးသပ်သူ Glauber Silveira က ပြောကြားခဲ့သည်။

စားနပ်ရိက္ခာနှင့် တိရိစ္ဆာန်အစာအတွက် ပြောင်းသီးနှံပြတ်လပ်မှုဖြစ်ပေါ်မည်ကို နိုင်ငံတကာဈေးကွက်တွင် စိုးရိမ်မှုများ မြင့်တက်လျက်ရှိနေကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်မည့်အလားအလာများကြောင့် ဘရာဇီးလ်နိုင်ငံသည် ပြောင်းသီးနှံအား တိုးချဲ့စိုက်ပျိုးနိုင်သည့် အခြေအနေရှိနေသော်လည်း ပိုတက်စီယမ်ဓာတ်မြေဩဇာလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယူကရိန်းနိုင်ငံ၏ ပြောင်းတင်ပို့မှုလျော့ကျမှုကြောင့် ကမ္ဘာ့ပြောင်းဝယ်လိုအား သိသိသာသာ မြင့်တက်ရန် မျှော်မှန်းထားကြောင်း Silveira က ပြောကြားခဲ့သည်။

**ပဲပုတ်စေ့ တင်ပို့နိုင်မှုများ လျော့ကျနိုင်**



Soy. Photo: Map

ယခုမတ်လအတွင်း ပဲပုတ်စေ့တန်ချိန် ၁၃.၇၆၉ တန်တင်ပို့နိုင်ရန် ယခင်က ခန့်မှန်းခဲ့သော်လည်း လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေများကြောင့် တင်ပို့နိုင်မည့် ပဲပုတ်စေ့ပမာဏအား တန်ချိန် ၁၂.၉ သန်းအထိ လျှော့ချခဲ့ကြောင်း ဘရာဇီးလ်နိုင်ငံ နှံစားသီးနှံတင်ပို့သူများအသင်း (National Association of Cereal Exporters – Anec)က ပြောကြားခဲ့သည်။

ယခုနှစ်ဖေဖော်ဝါရီလတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၉.၁၁၃ သန်းနှင့် ပဲပုတ်စေ့ထွက်ကုန် တန်ချိန် ၂.၀၁၂ သန်းအားတင်ပို့နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပဲပုတ်စေ့ထွက်ကုန်တန်ချိန် ၁.၅၇၃ သန်းအား တင်ပို့ခဲ့ကြောင်း၊ ယခုနှစ် မတ်လတွင် ပြောင်းတန်ချိန် ၅၅,၀၀၀ တန် တင်ပို့ရန်မျှော်မှန်းထားပြီး ဖေဖော်ဝါရီလတွင် တန်ချိန် ၅၂၃,၃၄၂ တန်အားတင်ပို့ခဲ့ကြောင်း၊ ယခုမတ်လတွင် ဂျုံတန်ချိန် ၅၀၁,၇၃၀ တန်အား တင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ယခင်လက တန်ချိန် ၉၂၅,၂၆၄ တန်အား တင်ပို့ခဲ့ကြောင်း၊ ယခုအပတ် မတ်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပဲပုတ်စေ့တန်ချိန် ၂.၈၇၄ သန်း၊ ပဲပုတ်စေ့ထွက်ကုန် တန်ချိန် ၂၀၁,၆၁၆ တန်နှင့် ဂျုံတန်ချိန် ၂၀၆,၈၉၆ တန်အားတင်ပို့ခဲ့ကြောင်း၊ မတ်လ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကာလအတွင်း ပဲပုတ်စေ့တန်ချိန် ၃,၆၈၄ တန်၊ ပဲပုတ်စေ့အခွံတန်ချိန် ၄၅၂,၆၇၁ တန်နှင့် ဂျုံတန်ချိန် ၃၃,၄၇၃ တန်တို့အား တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း နှံစားသီးနှံတင်ပို့သူများအသင်း (Anec)က ပြောကြားခဲ့သည်။

Source: canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် ယူကရိန်းပဋိပက္ခ၏ သက်ရောက်မှုစောင့်ကြည့်ရေး လုပ်ငန်းအဖွဲ့အား ဖွဲ့စည်းထားခြင်း

ဘယ်လ်ဂျီယံနိုင်ငံရှိ လယ်သမားများအသင်းအဖွဲ့ (Boerenbond) ၏ မေတ္တာရပ်ခံတောင်းဆိုချက်အရ ဘယ်လ်ဂျီယံ၏ စိုက်ပျိုးရေးစားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းကွင်းဆက်အပေါ် ယူကရိန်းပဋိပက္ခ၏သက်ရောက်မှုကို အနီးကပ် စောင့်ကြည့်မည့် လုပ်ငန်းအဖွဲ့တစ်ရပ်အား ဘယ်လ်ဂျီယံ၊ ဖက်ဒရယ်စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဝန်ကြီး Mr. David Clarinval က ဖွဲ့စည်းထားကြောင်း ဘရပ်ဆဲလ်တိုင်းမ် သတင်းဝက်ဆိုဒ်တွင် “Task force to monitor impact of Ukraine war on Belgian agriculture” ခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြထားပါသည်။

အဆိုပါ လုပ်ငန်းအဖွဲ့၏ ရည်ရွယ်ချက်မှာ ဘယ်လ်ဂျီယံနိုင်ငံရှိ စိုက်ပျိုးရေးစားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းအပေါ် ယူကရိန်းအရေးကိစ္စ၏ မည်သည့်သက်ရောက်မှုကိုမဆို မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိစေရေးဖြစ်ကြောင်း သိရပါသည်။

ယူကရိန်းအရေးကိစ္စသည် စွမ်းအင်ဈေးနှုန်းများအပေါ်တွင် သက်ရောက်မှုရှိရုံသာမက ကောက်ပဲသီးနှံဈေးနှုန်းများကို လည်း မြင့်တက်စေလျက်ရှိကြောင်း၊ ထိုသို့ ဈေးနှုန်းမြင့်တက်နေခြင်းကြောင့် တိရစ္ဆာန်အစာလုပ်ငန်းအပေါ်တွင်လည်း ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိလာကြောင်း Boerenbond ၏ ပြောရေးဆိုခွင့်ရှိသူ Vanessa Saenen က ပြောကြားပါသည်။ ယူကရိန်းပဋိပက္ခသည် ဘယ်လ်ဂျီယံလယ်သမားများအတွက် အလုပ်နေရာခန့်ထားမှုအပိုင်းတွင်လည်း အခက်အခဲ ရှိလာစေကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ ရာသီအလိုက်လုပ်သား (၆၇၀၀၀) တွင် ယူကရိန်းမှ လုပ်သားအရေအတွက်

(၁၇၅၀) ဦးရှိသည်ဟု Vanessa Saenen က ပြောကြားပါသည်။

ဘယ်လ်ဂျီယံနိုင်ငံ၊ လယ်သမားများအသင်းအဖွဲ့ (Boerenbond) ၏ မေတ္တာရပ်ခံတောင်းဆိုမှုအပေါ် ဖက်ဒရယ်စိုက်ပျိုးရေးဝန်ကြီး Mr. David Clarinval က တုံ့ပြန်ဆောင်ရွက်ပေးသည့်အတွက် ယင်းအဖွဲ့အစည်းမှ ကျေနပ်လျက်ရှိကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးကဏ္ဍနှစ်ခုစလုံးသည် ယူကရိန်းအရေးကိစ္စ၏ အကျိုးဆက်များကို သတိပြုမိပြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားပါသည်။

Source: https://www.brusselstimes.com/business/210117/task-force-to-monitor-impact-of-ukraine-war-on-belgian-agriculture

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## STOCK EXCHANGE (23.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 46 | 368,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,800 | 2,900 | 2,800 | 275 | 795,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 20 | 370,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 50 | 130,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 20 | 53,000 | 19,977,223 | 52,940 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

### Market summary

As of 23rd Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.05 | +0.00 | +0.00% | 368.82 | 371.05 | 368.82 | 411 | 1,716,400 | 7 | 645,492 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 23rd Mar. 2022

| MYANPIX | 371.05 ▲ 0.00 |
|---|---|
| Total Volume (shares) | 411 |
| Total Value (MMK) | 2 mil |
| Listed Company | 7 |
| Market Cap. (MMK) | 645,492 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |

TIR